# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် န၀မ ပုံမှန်အစည်းအဝေး

# (၁၇) ရက်မြောက်နေ့ အစီအစဉ်

# [ ၁၂-၉-၂၀၁၈ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် န၀မ ပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၏ **ပြည်သူ့လွှတ်တော်တွင် မေးခွန်းများ မေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်းများ ဆောင်ရွက်ရာတွင် မေးခွန်းမေးမြန်းချိန်ကို (၅) မိနစ်အစား (၆) မိနစ်သို့ လည်းကောင်း၊ အဆိုဆွေးနွေးချိန်ကို (၆) မိနစ် အစား (၅) မိနစ်သို့ လည်းကောင်း ပြောင်းလဲသတ်မှတ်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအောင်သောင်းရွှေ၊ ဘူးသီးတောင် မဲဆန္ဒနယ်၏ **ဘူးသီးတောင်မြို့နယ် တွင် တာဝန်ထမ်းဆောင်နေသော မြို့နယ်လဝကဦးစီးမှူးသည် ဒေသခံ တိုင်းရင်းသားများအားနိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရာတွင် လုပ်ပိုင်ခွင့် ကို အလွဲသုံးစားပြုလုပ်ပြီး ငွေကြေးတံစိုးလက်ဆောင် တောင်းခံခြင်း အား အရေးယူပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစိုင်းဆိုင်မိုင်း၊ မိုင်းကိုင် မဲဆန္ဒနယ်၏ **မိုင်းကိုင်မြို့နယ်အတွင်းရှိ ဆန်ဟာ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် မိုင်းယွန်းကျေးလက် ကျန်းမာရေး ဌာနခွဲတို့တွင် ကျန်းမာရေးဝန်ထမ်းများ ထပ်မံတိုးချဲ့ ခန့်ထားပေးရန်၊ ဝန်ထမ်းအိမ်ရာများ အလုံအလောက် ဆောက်လုပ်ပေးရန်နှင့် ကျေးလက် ကျန်းမာရေးဌာနခွဲ စံကိုက်အဆောက်အဦများ အထူးဦးစားပေး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးရွှေလှ(ခ) ဦးရွှေလှဝင်း၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များအသင်းက ခြံခတ်ကာရံပိတ်ဆို့ ထားသော ရပ်ကွက်ကြီး (၃) ခု၏ ရေစီးရေလာ ကောင်းမွန်ရေး ရေနုတ်မြောင်းကြီးကို ပြည်သူပိုင်အဖြစ် စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးကျော်မင်း၊ ကမာရွတ် မဲဆန္ဒနယ်၏ **အများပြည်သူနှင့် လူငယ် မျိုးဆက်သစ်များ လေ့ကျင့်ကစားနိုင်ရေးအတွက် ကမာရွတ်မြို့နယ်၊ အမှတ်(၉) ရပ်ကွက်အတွင်းရှိ တက္ကသိုလ် ဘောလုံးကွင်းများအား ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးအောင်စိုးမင်း၊ ရွာငံ မဲဆန္ဒနယ်၏ **ရွာငံမြို့နယ်၊ ဟန်မြင့်မိုရ်- ရွာငံ-အောင်ပန်းလမ်းမကြီးပေါ်တွင် တည်ရှိသည့် မြိုင်တိုက်နယ် ဆေးရုံအား စံကိုက်အဆောက်အဦ ပုံစံဖြင့် ပြန်လည်တည်ဆောက် ပေးပါရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးစိုင်းစန်သိန်း၊ မိုးနဲ မဲဆန္ဒနယ်၏ **မိုးနဲမြို့နယ် ဘောလုံးအားကစားကွင်း အတွက် ပွဲကြည့်စင်တစ်ခု ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၉။ ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကို ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်က ဆွေးနွေးခြင်း၊

၁၀။ ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၁၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက တင်သွင်းသည့် **“ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၂။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **“အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၃။ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသည့် **“၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၄။ ဦးမျိုးဇော်အောင်၊ ကောလင်း မဲဆန္ဒနယ်က တင်သွင်းသည့် **"နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်စေသည့် တရားမဝင် ကုန်သွယ်မှုများ လျော့နည်း ပပျောက်စေရေးအတွက် မဟာဗျူဟာချမှတ်၍ ထိရောက်စွာ ကိုင်တွယ် ဖြေရှင်းပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးလုံဂျုံဆန်မိုင်၊ ဆွမ်ပရာဘွမ် မဲဆန္ဒနယ်၊

(ခ) ဒေါ်နီနီမေမြင့်၊ တောင်ကုတ် မဲဆန္ဒနယ်၊

(ဂ) ဦးစိုးအောင်နိုင်၊ ကျုံပျော် မဲဆန္ဒနယ်၊

(ဃ) ဦးမြင့်ဟန်ထွန်း၊ ဘုတလင် မဲဆန္ဒနယ်၊

(င) ဦးတင်ထွေး၊ ဝေါ မဲဆန္ဒနယ်၊

(စ) ဦးဝင်းမြင့်ဦး(ခ) ဦးနေမျိုး၊ ညောင်ရွှေ မဲဆန္ဒနယ်၊

(ဆ) ဦးကံမြင့်၊ သရက် မဲဆန္ဒနယ်၊

(ဇ) ဦးအုန်းခင်၊ ပုလော မဲဆန္ဒနယ်၊

(ဈ) ဒေါ်ချိုချိုဝင်း၊ မော်လိုက် မဲဆန္ဒနယ်၊

၁၅။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၆။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၈) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။